# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## စားသုံးသူရေးရာဦးစီးဌာန

### ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွက် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်း

### (Reasonable Market Price) ထုတ်ပြန်ချက်

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ဆန်အုပ်စုနှင့် စက်ကြိတ်ခွဲမှု အမျိုးအစား</th><th colspan="2">(၁၀၈) ပေါင်/ (၂၄)ပြည် ဆန်တစ်အိတ် ဈေးနှုန်းသတ်မှတ်ချက်</th><th rowspan="2">မှတ်ချက်</th></tr>
<tr><th>မှ</th><th>အတွင်း</th></tr>
<tr><td rowspan="6">၁</td><td rowspan="6">ပြည်ပတင်ပို့သည့် ဆန်ကြမ်း အုပ်စုများ (ဧည့်မထ/ ငစိန်) (ဆင်းသုခ၊ သီးထပ်ယဉ်၊ ရတနာတိုး၊ ငစိန် ရာကျော်၊ ကရင်မ၊ ထွန်းပု၊ GW-၁၁ ၊ စောရှုပ်၊ ၇၄၇၊ သီးပု၊ ရွှေမန်း စသော ဧည့်မထ/ ငစိန် အုပ်စုဝင် ဆန်ကြမ်း များ)</td><td>၂၅ မှတ် ဆန်<br>(Reasonably Well-Milled)</td><td>၆၉,၀၀၀</td><td>၇၂,၀၀၀</td><td></td></tr>
<tr><td>၂၅ မှတ် ဆန်<br>(Well-Milled, Polished & Sorted)</td><td>၇၇,၀၀၀</td><td>၈၀,၀၀၀</td><td>ပြည်ပတင်ပို့<br>(၅၀ ကီလိုဂရမ်)</td></tr>
<tr><td>၁၅ မှတ် ဆန်<br>(Reasonably Well-Milled)</td><td>၇၂,၀၀၀</td><td>၇၅,၀၀၀</td><td></td></tr>
<tr><td>၁၅ မှတ် ဆန်<br>(Well-Milled, Polished & Sorted)</td><td>၈၁,၀၀၀</td><td>၈၄,၀၀၀</td><td>ပြည်ပတင်ပို့<br>(၅၀ ကီလိုဂရမ်)</td></tr>
<tr><td>၁၀-၅ မှတ် ဆန်<br>(Reasonably Well-Milled)</td><td>၇၅,၀၀၀</td><td>၇၈,၀၀၀</td><td></td></tr>
<tr><td>၁၀-၅ မှတ် ဆန်<br>(Well-Milled, Polished & Sorted)</td><td>၈၅,၀၀၀</td><td>၈၈,၀၀၀</td><td>ပြည်ပတင်ပို့<br>(၅၀ ကီလိုဂရမ်)</td></tr>
<tr><td>၂</td><td>ပြည်ပတင်ပို့ခြင်း နှင့် ပြည်တွင်းစားသုံးမှု ရှိသည့် ဆန်အုပ်စုများ(ရက် -၉၀၊ မနောသုခ၊ ဖျော့ထွန်း၊ နံ့ကောက်၊ ဧယာ၊ ငွေတိုး စသည့် စားသုံးမှု အရည်အသွေး သင့်တင့် ကောင်းမွန်သော ဆန်များ)</td><td>၁၀-၅ မှတ် ဆန်</td><td>၈၀,၀၀၀</td><td>၉၀,၀၀၀</td><td></td></tr>
</table>

| စဉ် | ဆန်အုပ်စုနှင့် စက်ကြိတ်ခွဲမှု အမျိုးအစား | | (၁၀၈) ပေါင်/ (၂၄) ပြည် ဆန်တစ်အိတ် ဈေးနှုန်း သတ်မှတ်ချက် | | မှတ်ချက် |
|---|---|---|---|---|---|
| | | | မှ | အတွင်း | |
| ၃ | ရောမင်း၊ အညာသား၊ ပခန်း ဆန်များ၊ မှော်ဘီ-၂ ၊ မှော်ဘီ-၃၊ ဖန်သီးသုခ၊ လုံးသွယ်မွှေး (ရောဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွက်သည့် စားသုံးမှု အရည်အသွေး ကောင်းမွန် သော ပြည်တွင်းစားသုံးဆန်များ) | ၁၀-၅ မှတ် ဆန် | ၉၀,၀၀၀ | ၁၀၀,၀၀၀ | |
| ၄ | ရောမင်း၊ ရောပဒေသာ၊ မဂျမ်းတော ဆန်များ (မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ နေပြည်တော်နှင့် မြန်မာနိုင်ငံ အထက်ပိုင်းမှ ထွက်သည့် အရည်အသွေး အထူးကောင်းမွန်သည့် ဆန်များ) | ၁၀-၅ မှတ် ဆန် | ၁၂၀,၀၀၀ | ၁၃၀,၀၀၀ | |
| ၅ | ပေါ်ဆန်းအုပ်စု (ရောဝတီပေါ်ဆန်းများ) | ပထမတန်း (အဆင့်မြင့်) | ၁၁၅,၀၀၀ | ၁၂၀,၀၀၀ | |
| | | ဒုတိယတန်း | ၁၁၀,၀၀၀ | ၁၁၅,၀၀၀ | |
| | ပေါ်ဆန်းအုပ်စု (ခွံနီ/ ပေါ်ကျွဲ) | - | ၉၅,၀၀၀ | ၁၁၀,၀၀၀ | |
| ၆ | ပေါ်ဆန်းအုပ်စု (ဘေးကြား/ ကြားပျုံ) | - | ၁၂၀,၀၀၀ | ၁၃၀,၀၀၀ | |
| ၇ | ရွှေဘိုပေါ်ဆန်း | ပထမတန်း (အဆင့်မြင့်) | ၁၄၀,၀၀၀ | ၁၄၅,၀၀၀ | |
| | | ဒုတိယတန်း | ၁၃၅,၀၀၀ | ၁၄၀,၀၀၀ | |

မှတ်ချက်။ (၁) ဈေးကွက်အတွင်း ထုတ်လုပ်ရောင်းချမှု အနည်းငယ်သာရှိသည့် ရှမ်းဆန်များ၊ ကောက်ညှင်းဆန်များ၊ ရေကြည်ပေါ်ဆန်း၊ ဘာစမာတီဆန်၊ နမော့သလေး ဆန်၊ ခေါက်နမ်းခမ်းဆန်၊ ဆန်နီ၊ ဆန်ညို (Rice Berrry)၊ ပေါင်းဆန်၊ စံပယ်ဆန်မွှေး (Jasmine) အစရှိသော အမြောက်အများ ထုတ်လုပ်မှုမရှိသည့် ဆန်အမျိုးအစားများကို ဈေးနှုန်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြခြင်း မရှိပါ။

(၂) ဈေးကွက်အတွင်းရောင်းချရာတွင် အထက်ဖော်ပြပါ သင့်တင့်မျှတသော ရည်ညွှန်းဈေးများအပေါ် ၈% ထက်ပို၍ ရောင်းချခြင်း မပြုရန် ဖြစ်ပါသည်။

(၃) အထက်ပါ သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းတွက်ချက်မှုများမှာ အောက်ပါအချက်များကို အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ပါသည်-

(က) စိုက်ပျိုးသူ တောင်သူများ၊ ဆန်စက်လုပ်ငန်းများ၊ သိုလှောင်ဖြန့်ဖြူးရောင်းချသူများနှင့် စားသုံးသူပြည်သူများအတွက် သင့်တင့်မျှတသော ဆန်ဈေးနှုန်းဖြစ်စေရန် ထည့်သွင်းစဉ်းစားမှု

(ခ) ယခင်နှစ်ဈေးနှုန်းများ၊ နိုင်ငံတကာဈေးနှုန်းများ၊ ပြည်တွင်းဈေးကွက်ရှိ အခြားကုန်ဈေးနှုန်းများနှင့် ချင့်ချိန်ဆက်စပ်တွက်ချက်မှု

(၄) Super Market များ၊ Mini Market များတွင် Consumer Packaging ဖြင့် Modern Trade ရောင်းချမှုများအတွက် သီးခြားထုတ်ပြန်ထားသော ရည်ညွှန်းဈေးကို အသုံးပြုရမည်။

(၅) ဝယ်ယူရန်အခက်အခဲရှိပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ ဆက်သွယ်ညှိနှိုင်းဝယ်ယူနိုင်ပါသည်။

(၆) သင့်တင့်မျှတသော ဈေးနှုန်းများနှင့်ရောင်းချခြင်းမပြုသော အခြေအနေများကို သိရှိပါက စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တို့ထံ အသိပေးတိုင်ကြားနိုင်ပါသည်။

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# စားသုံးသူရေးရာဦးစီးဌာန
# ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွက်
# ဈေးအရောင်းစင်တာ (Super Market, Mini Mart) များတွင်
# Consumer Packaging ဖြင့် ရောင်းချမှုများအတွက်
# သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်း (Reasonable Market Price) ထုတ်ပြန်ချက်

| စဉ် | ဆန်အမျိုးအစား | အလေးချိန် | ဈေးနှုန်း (ကျပ်) | |
|---|---|---|---|---|
| | | | မှ | အတွင်း |
| ၁ | ရွှေဘိုပေါ်ဆန်း | 1 Kg | ၃၅၀၀ | ၃၈၀၀ |
| ၂ | ရောဝတီပေါ်ဆန်း | 1 Kg | ၃၀၀၀ | ၃၃၀၀ |
| ၃ | ရက် (၉၀)/ အထူးဧည့်မထ | 1 Kg | ၂၂၀၀ | ၂၅၀၀ |

**<u>မှတ်ချက်</u>**

(၁) 2 Kg၊ 5 Kg၊ 10 Kg၊ 12 Kg စသည့် အရွယ်အစားအမျိုးမျိုး ထုပ်ပိုး၍ ဈေးသတ်မှတ်ရောင်းချရာတွင် အထက်ပါ 1 Kg ဈေးနှုန်းများကို အခြေခံ၍ တွက်ချက်ရမည်။

(၂) အထက်ပါ ဆန်အမျိုးအစားများအတွက် 1 Kg ရည်ညွှန်းဈေးနှုန်းသည် 25 Kg အောက် ထုပ်ပိုးမှု အရွယ်အစားများ အတွက်သာ သက်ဆိုင်ပါသည်။

(၃) ကောက်ညှင်းဆန် ထုပ်ပိုးရောင်းချမှုဖြစ်ပါက ဆန်အရည်အသွေး၊ သန့်စင်မှု၊ အဟောင်း/အသစ်ပေါ်မူတည်ပြီး ကွဲပြားမှုရှိနိုင်သည့်အတွက် အထက်ပါ သင့်တင့်မျှတသော ရည်ညွှန်းဈေးများထက် မပိုသော ဈေးများအတွင်း ရောင်းချရမည်။

(၄) ဆန်အမျိုးအစား အသစ်များကို ထုပ်ပိုးရောင်းချရန် ရှိပါက လက်ကား ရည်ညွှန်းဈေးများနှင့် ကိုက်ညီရန် လိုအပ်ပြီး၊ ၎င်း လက်ကားရည်ညွှန်းဈေးအပေါ်တွင် အိတ်ခွံတန်ဖိုး၊ ဈေးအရောင်းဆိုင်သို့ ပေးရမည့် ၈%ထက် မပိုသော ဝန်ဆောင်စရိတ်၊ ၃% ထက် မပိုသော သယ်ယူ/ သိုလှောင်စရိတ်၊ ၄% ထက် မပိုသော ထုတ်လုပ်သူ အကျိုးအမြတ် တို့ဖြင့် တွက်ချက် ဆောင်ရွက်ရန် ဖြစ်ပါသည်။

(၅) အသေးစိတ် ညှိနှိုင်း/ မေးမြန်းလိုပါက စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံးသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။